# ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန

## မီးသတ်ဦးစီးဌာန

Fire Service Department - MOHAI - NUG

## နေ့စဉ်သတင်း

10.1.2023

# Fire Service Department

# MOHAI-NUG

စစ်ကိုင်းတိုင်း မြောင်မြို့နယ်၊ ပန်းညိုရွာကို
အကြမ်းဖက်စစ်ကောင်စီတပ်က မီးရှို့ဖျက်ဆီး

ထားဝယ်မြို့နယ် ဝကုန်းရွာ မီးရှို့ခံရပြီး ဒေသခံ ၄၀၀ နီးပါးထွက်ပြေး

မြောင်မြို့နယ်၊ ပန်းညိုရွာကို စစ်တပ်က မီးရှို့ဖျက်ဆီး

စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်၊ ပန်းညိုရွာကို အကြမ်းဖက် စစ်တပ်က မီးရှို့ဖျက်ဆီးခဲ့ကြောင်း မြောင်မြို့နယ် ပြည်သူ့ကာကွယ်ရေးနှင့် လုံခြုံရေးအဖွဲ့က ကိုနွေဦးထံမှ သိရသည်။

ဇန်နဝါရီလ ၉ ရက်နေ့ ညနေ ၃ နာရီ ၂၀ မိနစ်တွင် အကြမ်းဖက် စစ်တပ်က မြောင်မြို့နယ်၊ ပန်းညိုရွာကို ဝင်ရောက် မီးရှို့ခဲ့ခြင်း ဖြစ်ကြောင်း၊ အကြမ်းဖက် စစ်တပ် စစ်ကြောင်းသည် ပန်းညိုရွာကို ဇန်နဝါရီလ ၇ ရက်နေ့တွင် ဧရာဝတီမြစ်ကြောင်းမှ ဝင်ရောက်လာခြင်းဖြစ်ပြီး ပြည်သူပိုင် ပစ္စည်းများကို ခိုးကာ ကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအကြမ်းဖက် စစ်တပ် စစ်ကြောင်း မီးရှို့ဖျက်ဆီးမှုကြောင့် ပြည်သူပိုင်နေအိမ် မည်မျှဆုံးရှုံးသွားသည်ကို အတည်မပြုနိုင်သေးကြောင်း၊ ထို့ပြင် ဒေသခံ ပြည်သူများ ထိခိုက် ဒဏ်ရာရရှိမှု ရှိမရှိကိုလည်း အတည်မပြုနိုင်သေးကြောင်း သိရသည်။

အဆိုပါ အကြမ်းဖက် စစ်တပ် စစ်ကြောင်းသည် ပြည်သူပိုင် ပစ္စည်းများကို ခိုးယူကာ ကိုယ်ပိုင် နာမည်များ တက်၍ ခွဲတမ်းချထားကာ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းသို့ သယ်ရန် စုပုံထားစဉ် ဒေသခံကာကွယ်ရေး တပ်ပေါင်းစုများက ဝင်ရောက် တိုက်ခိုက်ခဲ့ပြီး ပစ္စည်းများ ပြန်လည် ရရှိခဲ့ကြောင်း သိရသည်။

အကြမ်းဖက် စစ်တပ် စစ်ကြောင်းသည် ၂၀၂၂ ခုနှစ် မေလ ၁၈ ရက်နေ့ကလည်း ပန်းညိုရွာကို မီးရှို့ဖျက်ဆီးခဲ့ပြီး နေအိမ် ၁၄ လုံး မီးလောင်ပြာကျခဲ့ကြောင်း သိရသည်။

# မီးရှို့ဖျက်ဆီးခံရမှုသတင်း

**10.1.2023** စာမျက်နှာ (၃)

*စစ်ကိုင်းတိုင်း၊ ကျွန်းလှမြို့နယ် ထန်းပင်ကုန်းကျေးရွာနှင့် ကြာတကန်ကျေးရွာတို့တွင်စစ်ကြောင်း ထိုးဝင်ရောက်လာသည့် စစ်ကောင်စီတပ်သားများမှ ဒေသခံတစ်ဦးကိုလက်ပြန်ကြိုးတုပ်ကာ ပစ်ခတ် သတ်ဖြတ်သည့်အပြင် နေအိမ် ၅၀ ကျော်ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း ကန့်ဘလူဒေသတွင်း သတင်းမီဒီယာ များထံမှ သိရသည်။

ပြီးခဲ့သည့် ဇန်နဝါရီလ ၆ ရက်နှင့် ၇ ရက်နေ့တို့တွင် အင်အား ၁၅၀ ခန့်ရှိ ခမရ (၃၆၈)တပ်နှင့် ပျူစောထီး အဖွဲ့ဝင်များသည် ကျွန်းလှမြို့အရှေ့ဘက်ရှိ ထန်းပင်ကုန်းရွာနှင့်ကြာတကန်ရွာအား မြေပြင်တိုက်ပွဲမရှိဘဲ နှစ်ရက်ဆက်တိုက် မီးရှို့ဖျက်ဆီးခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းစစ်ကြောင်းသည် ကြာတကန်ကျေးရွာမှ ကိုမောင်မောင်(အသက် ၃၀ နှစ်)ကိုဖမ်းဆီးပြီး လက်ပြန်ကြိုးတုပ်ကာ ပစ်ခတ်သတ်ဖြတ်၍ ထန်းပင်ကုန်းရွာထဲတွင် အလောင်းအားစွန့်ပစ်ထားခဲ့သည်ဟု အမည် မဖော်လိုသူ ဒေသခံတစ်ဦးက ပြောသည်။

စစ်ကောင်စီတပ်သားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ထန်းပင်ကုန်းရွာမှ နေအိမ် ၅၂ လုံး မီးလောင်ပြာကျခဲ့ကြောင်းသိရပြီး ကြာတကန်ရွာမှ အပျက်အစီးစာရင်းမှာ လက်ရှိအချိန်ထိ မသိရသေးကြောင်း ဆိုသည်။

အကြမ်းဖက် စစ်ကောင်စီတပ်သားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် အဆိုပါကျေးရွာနှစ်ရွာမှ ဒေသခံ ၂,၅၀၀ ခန့် တိမ်းရှောင်နေရသည်ဟု ကျွန်းလှတက်ကြွလှုပ်ရှားသူများအဖွဲ့ထံမှ သိရသည်။

ထို့ပြင် စစ်ကောင်စီတပ်သားများသည် ကျွန်းလှမြို့နယ် ထန်းပင်ကုန်းရွာတွင် နှစ်ရက်ကြာတပ်စွဲပြီး နောက် ကန့်ဘလူမြို့နယ်မြောက်ခြမ်းဒေသရှိ ကျေးရွာများသို့ ဆက်လက်စစ်ကြောင်းထိုးနေကာ တောထဲ ရှိ စစ်ဘေးရှောင်တဲများကိုလည်း မီးရှို့ဖျက်ဆီးသွားကြောင်း သိရသည်။

ကျွန်းလှမြို့၏အရှေ့ဘက် နှစ်မိုင်ခန့်သာဝေးသည့် ကြာတကန်ကျေးရွာတွင် အိမ်ခြေ ၁၀၀ ကျော်ရှိပြီး ကျွန်းလှမြို့နှင့် လေးမိုင်ခန့်ဝေးသည့် ထန်းပင်ကုန်းကျေးရွာတွင် အိမ်ခြေ ၄၀၀ ကျော်ရှိကြောင်း သိရသည်။

အဆိုပါစစ်ကောင်စီစစ်ကြောင်းသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်းကလည်း ကန့်ဘလူမြို့နယ် ရွှေဘို-မြစ်ကြီးနားလမ်း အနီးရှိ လွှဲဆိပ်၊ လက်ခုပ်ကုန်း ၊ ဂါးဂလော် ၊ ဘောကျေးရွာများကို မီးရှို့ဖျက်ဆီး သွားခဲ့ ကြောင်း သိရသည်။

# မီးရှို့ဖျက်ဆီးခံရမှုသတင်း

**10.1.2023** စာမျက်နှာ (၄)

ထီးချိုင့်မြို့နယ်၊အလယ်တောကျေးရွာကို စစ်ကောင်စီတပ်က မီးရှို့နေပြီး ပြည်သူများ ထွက်ပြေးနေရ

စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ်၊ အလယ်တောကျေးရွာကို စစ်ကောင်စီ တပ်များ က မီးရှို့နေပြီး ပြည်သူများ ထွက်ပြေးနေရကြောင်း ဒေသပြည်သူများထံမှ သိရှိရ သည်။

ဇန်နဝါရီလ ၉ ရက်နေ့ နံနက် ၆ နာရီအချိန်တွင် စစ်ကောင်စီတပ်များက အလယ် တောကျေးရွာကို ဝင်ရောက်စီးနင်းမီးရှို့ခြင်းဖြစ်ပြီး ဒုတိယအကြိမ် မီးရှို့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အလယ်တော စံပြကျေးရွာသည် အိမ်ခြေ၅၀၀ကျော်ရှိသည့် ကျေးရွာတစ်ရွာ ဖြစ်ပြီး ယမန်နှစ်ဒီဇင်ဘာလအတွင်း စစ်တပ်က ပထမအကြိမ် ဝင်ရောက် မီးရှို့ခဲ့ကြောင်း၊ ပထမအကြိမ် မီးရှို့စဥ်က လူနေအိမ်၉ရလုံးနှင့် စပါးသို လှောင် ရုံများ၊ လယ်ယာသုံးစက်ကိရိယာများဆုံးရှုံးခဲ့ရကြောင်း သိရှိရသည်။

# လေကြောင်း/လက်နက်ကြီးပစ်ခတ်ခံရမှုသတင်း

**10.1.2023** စာမျက်နှာ (၅)

*တနင်္သာရီတိုင်း၊ ထားဝယ်-ထီးခီးလမ်းပိုင်းရှိ ရဲစခန်းနှင့် ရိက္ခာပို့ စစ်ကြောင်းကို PDF ပူးပေါင်းတပ်များက ၃ ရက်ဆက် တိုက်ခိုက်ခဲ့ကြောင်း နယ်မြေခံ သတင်းရင်းမြစ်များထံမှ သိရသည်။

ဇန်နဝါရီလ ၅ ရက်နေ့ ည ၉ နာရီခန့်တွင် ထားဝယ်-ထီးခီးလမ်းပိုင်းရှိ ပကာရီ ရဲစခန်းကို PDF ပူးပေါင်းတပ်ဖွဲ့များက ၄၀ မမ ပုံးသီးများဖြင့် သွားရောက် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး အကြမ်းဖက် စစ်တပ်ဘက်က ထိခိုက်သေဆုံးမှုအခြေအနေကို အတည်မပြုနိုင်သေးကြောင်း သိရသည်။

ဇန်နဝါရီလ ၆ ရက်နေ့ မွန်းလွဲပိုင်းတွင် သရက်ငုတ်ရွာအနီး၌ အကြမ်းဖက် စစ်တပ် ခြေလျင် စစ်ကြောင်းနှင့် ရိက္ခာတင် ကားများကို PDF ပူးပေါင်း တပ်ဖွဲ့များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး အကြမ်းဖက် စစ်တပ်ဘက်မှ ထိခိုက်သေဆုံးမှုရှိသော်လည်း အရေအတွက် အတည်မပြုနိုင်သေးကြောင်း သိရသည်။

ဇန်နဝါရီလ ၇ ရက်နေ့ မွန်းလွဲပိုင်းတွင် ဝကုန်းနှင့် သက်န်းတုံးရွာ အကြားရှိ ဗမဲ့တက်တောင်၌ တိုက်ပွဲထပ်မံဖြစ်ပွားခဲ့ပြီး PDG ရဲဘော် ၁ ဦးကျဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ထိတွေ့ တိုက်ပွဲများအတွင်း အကြမ်းဖက် စစ်တပ်ဘက်မှလည်း ထိခိုက်သေဆုံးမှုများပြားခဲ့ပြီး သေဆုံးဒဏ်ရာ ရ စစ်သား အလောင်းများကို မီးရှို့သင်္ဂြိုလ်ပြီး ဖျောက်ဖျက်မှုများ လုပ်ဆောင်ခဲ့ကြောင်း၊ ထို့ပြင် သက်န်းတုန်းရွာ နှင့် ဝ ကုန်းရွာ တို့ရှိ ပြည်သူပိုင် နေအိမ် ၁၅ လုံးနှင့် ဥယျာဉ်ခြံတို့ကို မီးရှို့ခဲ့ပြီး တန်ဖိုးကြီး ပစ္စည်းများ ခိုးယူသွားကြောင်း နယ်မြေခံ သတင်းရင်းမြစ်များက ပြောဆိုသည်။

*စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ်၊ ထန်းကုန်းရွာကို ဇန်နဝါရီ ၉ ရက် ဒီနေ့မနက်မှာ စစ်ကောင်စီတပ်က လက်နက်ကြီးနဲ့ ပစ်ခတ်လို့ ပြည်သူ ၁ ဦး ပွဲချင်းပြီးသေဆုံးပြီး ၇ ဦး ဒဏ်ရာရရှိခဲ့တယ်လို့ ထီးချိုင့်ဒေသခံတွေက ပြောပါတယ်။

အဲဒီစစ်တပ်ဟာ အလယ်တောရွာကို မီးရှို့ပြီး ထပ်မံစစ်ကြောင်းထိုးရင်း အနီးအနားက ကျေးရွာတွေဆီ ၁၂၀ မမ လက်နက်ကြီးနဲ့ ပစ်ခတ်လို့ ထန်းကုန်းရွာ ဘုန်းကြီးကျောင်းပေါ်တလုံး၊ ကံပေါက်ရွာ စာသင်ကျောင်းပေါ်တလုံး ကျ ရောက်ပေါက်ကွဲခဲ့တယ်လို့ ဒေသခံရွာသားတွေဆီကနေ သိရပါတယ်။

ထီးချိုင့်မြို့နယ် အလယ်တောရွာကို စစ်ကောင်စီတပ်က ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်းက ပထမအကြိမ် မီးရှို့ခဲ့တာ ကြောင့် နေအိမ် ၉၈ လုံး မီးလောင်ဆုံးရှုံးခဲ့ရပြီး အခု ဒုတိယအကြိမ်မှာတော့ အိမ်ခြေ ၂၀၀ နီးပါးလောက် မီးလောင် ဆုံးရှုံးခဲ့ရတယ်လို့ ဒေသခံတွေက ပြောပါတယ်။

# လေကြောင်း/လက်နက်ကြီးပစ်ခတ်ခံရမှုသတင်း

**10.1.2023** စာမျက်နှာ (၆)

KNU နယ်မြေရှိ ရွှေတွင်းလုပ်ကွက်များကို စစ်ကောင်စီက တိုက်လေယာဥ်ဖြင့် ဗုံးကျဲချမှု ပြည်သူ ဖ ဦးထက်မနည်း သေဆုံး၊ ရွှေတွင်း လုပ် သား အနည်းဆုံး ၅၀ နီးပါး သေဆုံး နိုင်ပြီး ပျောက်ဆုံးမှု များရှိနေဟုဆို

ကရင်ပြည်နယ်၊ KNU နယ်မြေရှိ ရွှေတွင်းလုပ်ကွက်များကို စစ်ကောင်စီက တိုက် လေယာဥ် များဖြင့် ဗုံးများ ကျဲချခဲ့ရာ ပြည်သူ ဖ ဦးထက်မနည်း သေဆုံး ကြောင်း KNU မူကြော်သတင်းစဥ်က သတင်းထုတ်ပြန်ပြီး ရန်ကုန်ခေတ်သစ်၏ သတင်း ရင်းမြစ်များအဆိုအရ စစ်တပ်တိုက်လေယာဥ်ဖြင့် ဗုံးကျဲမှုကြောင့် သေဆုံး သူ ရွှေအလုပ်သမား ၅၀ နီးပါးရှိ နိုင်ကြောင်း သိရှိရသည်။

ဇန်နဝါရီလ ၇ ရက်၊ နံနက် ၁၀ နာရီအချိန် KNU တပ်မဟာ ၅ နယ်မြေ အတွင်း သို့ စစ်ကောင်စီတပ်က တိုက်လေယာဥ် ဖြင့် လာရောက်ပစ်ခတ်၊ ဗုံးကြဲခဲ့ရာ ပြည်သူ့ ဆေးရုံအပါအဝင် နေအိမ် အဆောက်အဦး ၇ လုံး ပျက်စီးခဲ့ကြောင်း၊ ယင်း နေ့ နံနက် ၁၀ နာရီခွဲ အချိန်တွင် စစ်ကောင်စီတပ်က ဒွဲလိုးမြို့နယ်၊ မဲ့သူ့အုပ်စု၊ ယာယီထော့ရွာအတွင်းသို့ လေယာဥ်ဖြင့် ဗုံး ၄ လုံး ကျဲချသဖြင့် ဒေါ်နွယ်နီ၊ ၎င်း၏သား ၂ ဦး၊ ချွေးမ ၁ ဦးနှင့် အိမ်အလုပ်သမား ၂ ဦး စုစုပေါင်း ဖ ဦးတို့ သေဆုံးခဲ့ ကြောင်း သိရှိရသည်။

လက်ရှိတွင် စစ်တပ်က တိုက်လေယာဥ်ဖြင့် ဗုံးကျဲချသွားသော နေရာကို ဆက် လက် စိစစ်နေဆဲဖြစ်ပြီး အထိအခိုက် သေဆုံးမှု အတိအကျ ဆက်လက် စုံစမ်း နေဆဲဖြစ်ကြောင်း၊ သေဆုံးမှုအနေဖြင့် ရွှေတွင်းလုပ်သား ၅၀ နီးပါး ရှိနိုင် ကြောင်း သိရှိရသည်။

၉.၁.၂၀၂၃ မှ ၁၀.၁.၂၀၂၃ ရက်အတွင်းရရှိထားသောသတင်းများဖြစ်သည်။